ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း
၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
(၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၁၇ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန် အတွက် သတ်မှတ်ချက်နှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ရာထူး/လစာနှုန်း ကျပ်	ခန့်ထားမည့် ရာထူးနေရာ	အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း
(က)	ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၅) နေရာ	တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။
(ခ)	အငယ်တန်းစာရေး (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)	(၅) နေရာ	တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိရမည်။ ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ) ဒုတိယဦးစီးမှူးရာထူးနေရာအတွက် အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့၊ နိုင်ငံတကာဆက်ဆံရေး ပညာဘွဲ့နှင့် စီးပွားရေးပညာဘွဲ့ရရှိသူများကို ဦးစားပေးရွေးချယ်ခန့်ထားမည်။

(ဃ) သတ်မှတ်ချက်များနှင့်ကိုက်ညီသူသည် ရာထူးနေရာနှစ်ခုစလုံး လျှောက်ထားခွင့်ရှိသည်။

(င) ၁၇-၁-၂၀၂၄ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၂၇) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်းဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့်သင်တန်းများသို့ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(စ) နိုင်ငံ့ဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။

(ဆ) ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃) နှစ် တာဝန်ထမ်းဆောင်မည် ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

(ဇ) လျှောက်ထားသူသည် အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ခံရသူများမဖြစ်စေရ။ (ယခင်ဝန်ထမ်းအဖြစ် တာဝန်

ထမ်းဆောင်ခဲ့ဖူးပါက (သို့မဟုတ်) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူပူးတွဲ တင်ပြရမည်။)

၃။ လျှောက်ထားသူသည် လျှောက်လွှာပုံစံများကို NSPNC Website Page (www.nspnc.gov.mm) တွင် Download ရယူပြီး လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများကို ပြည့်စုံစွာတင်ပြရမည်။

၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန၊ ဥဇာအောင်မြေလမ်းနှင့် မဟာသုခလမ်းထောင့်၊ ဗလသိဒ္ဓိရပ်ကွက်၊ ဓမ္မာသီရိမြို့နယ်၊ နေပြည်တော်သို့ လိပ်မူ၍ ၈-၂-၂၀၂၄ ရက်နေ့အရောက် လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသောလျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်းလက်ခံစဉ်စားမည်မဟုတ်ပါ။

၆။ အထက်ပါရာထူးနေရာများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များပါဝင်သည့် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုရမည်-

(က) ဒုတိယဦးစီးမှူးရာထူးရေးဖြေစာမေးပွဲ - ၂၀-၂-၂၀၂၄ ရက်နေ့ (နံနက်ပိုင်း)

(ခ) အငယ်တန်းစာရေးရာထူးရေးဖြေစာမေးပွဲ - ၂၀-၂-၂၀၂၄ ရက်နေ့ (မွန်းလွဲပိုင်း)

၇။ ရေးဖြေအောင်မြင်သူများကိုသာ ၂၁-၂-၂၀၂၄ ရက်နေ့တွင် လူတွေ့နှင့်ကွန်ပျူတာစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ်နှင့် စာမေးပွဲကျင်းပပြုလုပ်မည့် အချိန်နှင့်နေရာတို့ကို NSPNC Website Page (www.nspnc.gov.mm) တွင် ကြေညာသွားမည် ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန၊ အုပ်ချုပ်ရေး၊စီမံခန့်ခွဲရေးနှင့်ဝန်ထမ်းရေးရာဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၃၃၅၂ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာန